# Highlights from DVB Debate's Elections 1 Year Show

# November 5, 2016

# "What changed after 1 year Elections?"

"အပြောင်းအလဲက မြန်လား နှေးလားဆိုတာထက် အပြောင်းအလဲဟာ မှန်မှန်ကန်ကန်နဲ့ ပြောင်းလဲဖို့ လိုတယ်လို့ ကျမက ထင်တယ်"

ဒေါက်တာ သက်သက်ခိုင် - ပြည်သူ့လွှတ်တော်အမတ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

"လူပုဂ္ဂိုလ်ဆိုင်ရာ ပြောင်းလဲတယ်လို့ပဲမြင်တယ်။ ရှေ့အလားအလာတွေပြောမယ်ဆိုရင်တော့ အများကြီး ပြောစရာရှိနေတယ်"

ဦးသိန်းညွန့် - ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီပါတီသစ် ပါတီ

---

"၂၀၁၀ ရွေးကောက်ပွဲမှာ ကျမတို့ ပြည်သူတွေမှာ ရွေးချယ်စရာ မရှိခဲ့ဘူး ဒီလူတွေပဲရှိခဲ့တယ်. ၂၀၁၅ ရွေးကောက်ပွဲမှာ ပြည်သူတွေ ရွေးချယ်လို့ ရသွားတယ် ဒါကြောင့် ပြည်သူ့အစိုးရလို့ ပြောနေတာ အစိုးရတရပ် ပြောင်းတဲ့အခါမှာ ပေးထားချက်တွေအရ လုပ်ရတာတွေ အများကြီး ရှိတယ်။ ကောင်းတာတွေရှိတယ် မကောင်းတာတွေပါလာတယ်။ ခရီးတခု လျှောက်တဲ့အခါမှာ.. ဒီအကူးအပြောင်းကာလရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို သုံးပြီး နောက်ဆုံးပန်းတိုင်ကို ရောက်အောင်သွားရမှာပဲ"

ဒေါက်တာ သက်သက်ခိုင် - ပြည်သူ့လွှတ်တော်အမတ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

---

"ကျနော်တို့မှာ ရှိနေပြီးသား ယန္တရားနဲ့ ချိတ်ဆက်ပြီးသွားမလား. လုံး၀ ရပ်လိုက်ပြီး အသစ်ပြန်လုပ်ချမလား ဒါ စဉ်းစားရမှာလေ။ အိမ်ဟောင်းကြီးကို ပြန်ပြင်နေရတယ်ဆိုသော်ငြား အခုခေတ်မှာ အိမ်ဟောင်းတွေ antique တွေက တန်ဖိုးတောင် ပိုကြီးပါတယ်ဗျ"

ဒေါက်တာ ပွင့်ဆန်း - ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ

---

"တိုင်းရင်းသားဒေသတွေမှာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေး ဒီထက် အရှိန်ပိုမြန်ရင်တော့ ကောင်းပါတယ်။ ပြည်တွင်းစစ်ကာလမှာ ၁၉၆၀ ကတည်းက တိုင်းရင်းသားတွေဟာ ဖျက် ၄ ဖျက်

ကျင့်သုံးခံခဲ့ရတယ်။ ကျနော်တို့ တိုင်းရင်းသားတွေ ရိုးရာအစဉ်အလာရ တောင်ယာခုတ်ပိုင်ခွင့်တွေက အခု လုပ်လို့မရအောင် ပြည်တွင်းစစ်က ဟန့်တားနေတယ်။"

ဒေါက်တာ ဆလိုင်းလျန်မှုန်း - ဒုဥက္ကဋ္ဌ၊ ချင်းအမျိုးသားတပ်ဦး

---

"ကျနော်တခု ဂင်ထောက်ပြချင်တာ လက်ရှိနိုင်ငံရေးကစားကွက်မှာ စစ်တပ်ကလည်း ပါနေသေးတယ် စစ်တပ်အကြောင်းကို ဘာကြောင့် မဆွေးနွေးကြတာလဲ? နောက်တခုက ကျနော်တို့ ရွေးချယ်တင်မြှောက်ထားတဲ့ အန်အယ်လ်ဒီအစိုးရဆိုတာ လူသားပါ၊ ဘုရားသခင် ဖန်ဆင်းရှင်ကို ရွေးချယ်တင်မြှောက်ထားတာ မဟုတ်ပါဘူး"

ထက်အောင်လင်း - ရန်ကုန်-လိုင်ဇာငြိမ်းချမ်းရေးလမ်းလျှောက်အဖွဲ့

---

"ကျနော်ပြောချင်တာက ပြည်သူကို မျှော်လင့်ချက်အများကြီးမပေးပါနဲ့ အစိုးရတရပ်အနေနဲ့ လုပ်နိုင်တာ ဘယ်ဟာ ဘာတော့လုပ်ပေးမယ်ဆိုတာမျိုးပဲ လုပ်နိုင်သလောက်ပဲ ချပြပါ။ လတ်တလော စီမံချက်နဲ့ ဖြေရှင်းစရာတွေ လတ်တလော လုပ်ပေးပါ"

ဒေါက်တာ ပွင့်ဆန်း - ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ

---

"ကျမတို့ ငြိမ်းချမ်းနဲ့နိုင်ငံရေးက ခေါင်းနဲ့ပန်းလိုပဲ။ ငြိမ်းချမ်းရေးနဲ့နိုင်ငံရေး တဖက်. စီးပွားရေးနဲ့ လူမှုရေး တဖက် ၄ ခုလုံးဟာ တပြိုင်တည်းသွားရမှာ. ဒါပေမယ့် အမှန်အတိုင်းပြောရရင်တော့ စီးပွားရေးနဲ့ ပတ်သက်ရင်တော့ ကျမ အားမရဘူး"

ဒေါက်တာ သက်သက်ခိုင် - ပြည်သူ့လွှတ်တော်အမတ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

---